# ၂၇ နှစ်မြောက် ချင်းတော်လှန်ရေးနေ့သို့ ချင်းအမျိုးသားတပ်ဦး ဥက္ကဌ တန်နန်လျန်ထန် မှ ပေးပို့သော သဝဏ်လွှာ

လေးစားရပါသောချင်းအမျိုးသားတပ်ဦး၊ချင်းအမျိုးသားတပ်မတော်မှလုပ်ဖော်ကိုင်ဖက်ရဲဘော်များခင်ဗျာ ...

ဒီကနေ့ဟာ ကျွန်ကော်တို့ ချင်းအမျိုးသားများရဲ့သမိုင်းမှာ အလွန်အရေးကြီးတဲ့ နေ့ထူးနေ့မြတ်ဖြစ်ပါတယ် ။ ၁၉၈၈ ခုနှစ် မတ်လ (၂၀) ရက်နေ့ဟာ ချင်းအမျိုးသားတပ်ဦး Chin National Front ကို ဖွဲ့စည်း တည်ထောင်ခဲ့တဲ့ သမိုင်းဝင်နေ့တစ်နေ့ ဖြစ်ပါတယ် ။ စတင်ထူထောင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်များအားလုံးကို လေးစားစွာဂုဏ်ပြုအပ်ပါတယ်။ CNF ဟာချင်းအမျိုးသားအရေး ၊ ချင်းပြည် Chinland အတွက်ပေါ်ပေါက်လာတာဖြစ်ပါတယ် ချင်းအမျိုးသားတို့ရဲ့ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့် ပြန်လည် ရရှိရေး ၊ တန်းတူညီမျှမှုရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ဒီမိုကရေစီထွန်းကားရေးအတွက် တိုက်ပွဲဝင်လျှက် ရှိပါတယ် ။ တော်လှန်ရေးခရီးတစ်လျှောက်လုံးမှာ အသက်ပေးခဲ့ကြတဲ့ အာဇာနည်ရဲဘော် ၊ ရဲမေများ ၊ ချင်းမျိုးချစ် ပုဂ္ဂိုလ်များ နဲ့ ချင်းပြည်သူအပေါင်းတို့ကို လေးစားဂုဏ်ပြု မှတ်တမ်းတင်အပ်ပါတယ်။

၂၀၁၅ ခုနှစ် ၊ မတ်လ (၂၀) ရက်နေ့ ၊ ချင်းအမျိုးသားတပ်ဦး/တပ်မတော် ၊ CNF/CNA ထူထောင်ခြင်း (၂၇) နှစ်မြောက် ချင်းတော်လှန်ရေးနေ့အခမ်းအနားမှာ နူတ်ခွန်းဆက်အမှာစကား ပြောကြားခွင့်ရတဲ့အတွက် အထူး ကျေးဇူးတင် ဂုဏ်ယူမိပါတယ် ။ (၂၇) နှစ်မြောက် ချင်းတော်လှန်ရေးအခန်းအနားကို နိုင်ငံတကာ အနှံ့အပြားမှာ အတတ်နိုင်ဆုံးကျင်းပနေ ကြတဲ့ အတွက်လည်း ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ် ။

CNF/CNA မှာ ပါဝင်လှုပ်ရှားနေကြတဲ့ ရဲဘော် ၊ ရဲမေမျာ ၊လုပ်ဖော်ကိုင်ဖက်အားလုံးကို ပြည်တွင်း ၊ ပြည်ပ ၊ နိုင်ငံတကာ မှာ ရှိနေကြတဲ့ ချင်းအမျိုးသားပြည်သူများက ဂုဏ်ပြုလေးစားထောက်ခံအားပေးလျှက် ရှိတဲ့အကြောင်းကို ထပ်ဆင့် စကားပါးအပ်ပါသည် ။ CNF/CNA ကို အဘက်ဘက်မှ နည်းလမ်းပေါင်းစုံနှင့် အားပေးကူညီကြတဲ့ ပြည်သူလူထု ၊ လူတန်းစားအဖွဲ့အစည်းပေါင်းစုံပေါ်မှာလည်း CNF/CNA ကိုယ်စားကျွန်တော့်အနေနဲ့ ကျေးတင်ရှိပါကြောင်း ပြောချင်ပါသည် ။

ဒီကနေ့ကျွန်တော်တို့ရဲ့ (၂၇) နှစ်မြောက်တော်လှန်ရေးအခန်းအနားမှာ ပါဝင်ကြတဲ့ ရဲဘော် ၊ရဲမေများ နဲ့ ကျွန်တော့် ခံစားချက်က တစ်ထပ်တည်းဖြစ်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ် ။ ဘာဖြစ်လို့လဲဆိုတော့ ... ကျွန်တော်တို့တတွေဟာ ချင်းအမျိုးသား အရေးအတွက် ချင်းပြည် Chinland ကို ကာကွယ်ရေးအတွက် အတူတကွပေးဆပ်နေကြတဲ့ အတွက် ဖြစ်ပါတယ် ။ ခံယူချက် သဘောထားတူညီးကြပြီး ၊ စည်းလုံးညီးညွတ်စွာနဲ့ အတူတကွ ပေးဆပ်ပါဝင်နေကြခြင်းဖြစ်ပါတယ် ။

ရဲဘော်တို့ ကျွန်တော်တို့လက်ထဲမှာ ကိုင်ထားတဲ့လက်နက်တွေကိုကြည့်ရင်း (၂၇)နှစ်တာဖြစ်သန်းလာခဲ့တဲ့ သမိုင်း ကြောင်းကို ပြန်တွေးကြည့်ရအောင် ... လက်နက်ကိုင်တော်လှန်ရေးကမှန်ပါသလား ? ကျွန်တော်တို့ရဲ့ပေးဆက်မှုက မှန်ပါ သလား ? ကျွန်တော်တို့ရဲ့ တော်လှန်ရေးအခြေအနေက ဘယ်အထိရောက်နေပါသလဲ ?

ကျွန်တော်တို့ရဲ့ လက်နက်ကိုင်တော်လှန်ရေးဟာ မှန်ကန်တဲ့အတွက် အခက်အခဲများစွာကို ဖြတ်သန်းပြီး ၊ (၂၇) နှစ်တိုင်အောင်ရပ်တည်လှုပ်ရှားနေခဲ့ခြင်းဖြစ်ပါတယ် ။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဦးဆောင်နေတဲ့နိုင်ငံများ ၊ တိုင်ပြည် နှင့် လူမျိုး ရပ်တည်နိုင်ရေးအတွက် တောင့်တင်းခိုင်မာတဲ့ တပ်မတော်ကို တည်ဆောက်ကြရတာပါပဲ ၊ ၁၉၆၂ ခုနှစ် ၊ နောက်ပိုင်း ကစပြီး ကျွန်တော်တို့ချင်းလူမျိုးများ လက်နက်ကိုင်ရတာဟာ သူများကိုတိုက်ခိုက်ဖို့ မဟုတ်ခဲ့ပါဘူး ။ ကိုယ်လူမျိုး ၊ ကိုယ်နယ်မြေ ကို ကာကွယ်ဖို့ပဲဖြစ်ပါတယ် ။ ရဲဘော်တို့အားလုံးပေးဆပ်နေတာဟာ တန်ဖိုးရှိတဲ့ ၊ မွန်မြတ်တဲ့ပေးဆပ်မှု ဖြစ်ပါတယ် ။

ကျွန်တော်တို့ တော်လှန်ရေးက ဘယ်အခြေအနေမှာရှိသလဲဆိုရင်တော့ ၊ ကျွန်တော်တို့တစ်တွေဟာ နောင်တော်များရဲ့ ဆိုးမွေ ၊ ကောင်းမွေ ကို ဆက်ခံရတာဖြစ်ပါတယ် ။ ဒီကနေ့အကောင်းဆုံးရပ်တည်လှုပ်ရှားနေကြပြီး ၊ အနာဂတ်အတွက် ကောင်းမွေများကို ပေးဆပ်နေသူများဖြစ်ပါတယ် ။

၁၉၆၇ ခုနှစ် ဖေဖော်ဝါရီလ ၊(၁၂)ရက်နေ့ ပင်လုံစာချုပ်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို စုပေါင်းတည်ထောင်တာ ဖြစ်သလို ၊ စုပေါင်းကာကွယ်ရမှာလည်းဖြစ်ပါတယ် ။ ပြည်ထောင်စုမပြိုကွဲရေး ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ဒီမိုကရေစီထွန်းကားရေးအတွက် ခေတ်အဆက်ဆက် အာဏာရှိတဲ့အစိုးရနဲ့ ငြိမ်းချမ်းရေးဆွေးနွေးရန်ကမ်းလှမ်းခြင်းကို ပြုခဲ့ကြတာဖြစ်ပါတယ် ။ သမတ ဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရလက်ထက်ကျမှ ငြိမ်းချမ်းရေးအတွက် သဘောတူညီချက်အဆင့်ဆင့်ကို လက်မှန်ရေးထိုးနိုင်ခြင်းဖြစ်ပါတယ် ။

ကျွန်တော်တို့ CNF/CNA ဟာ တိုင်းရင်းသားပေါင်းစုံ ၊ ဒီမိုကရေစီအင်အားစုများနဲ့ မဟာမိတ်လက်တွဲ လုက်ဆောင်ရေတဲ့ အဖွဲ့ အစည်းဖြစ်ပါတယ် ။ အထီးကျန်နေတဲ့အဖွဲ့အစည်းမဟုတ်ပါဘူး ။ ကျွန်တော်တို့ CNF/CNA ဟာ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC )မှာလည်း တန်းတူဦးဆောင်ပါဝင်ပြီး ၊ လက်ရှိသမ္မတ ဦးသိန်းစန်အစိုးရနဲ့ တစ်နိုင်ငံလုံးအပြစ်အခတ်ရပ်ဆဲရေး ၊ ငြိမ်းချမ်းရေးတည်ဆောက်ဖို့အတွက် အဆင့်ဆင့်ဆွေးနွေး လုပ်ဆောင်နေတဲ့ အချိန်ကာလဖြစ်ပါတယ် ။

ကျွန်တော်တို့ CNF/CNA ကိုယ်စားလှယ်များပါဝင်တဲ့ (NCCT ) နဲ့ အစိုးရရဲ့ (UWPC) တို့ဟာ ၂၀၁၅ ခုနှစ် မတ်လ (၁၇)ရက်နေ့က စပြီး ၊ရန်ကုန်မှာဆွေးနွေးလျှက်ရှိနေပါတယ် ။ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကုလသမဂ္ဂကိုယ်စာလှယ်နဲ့ နိုင်ငံကြီးများရဲ့ ကိုယ်စားလှယ်များဟာ အနီးကပ်လေ့လာလျက်ရှိနေပါတယ် ။ ရဲဘော်တို့ ... ကျွန်တော်တို့ရဲ့ (၂၇) နှစ်တာ တော်လှန်ရေးရဲ့ အဆင့်ဆင့်သောအောင်မြင်မှုတွေဖြစ်တယ်လို့ ပြောချင်းပါတယ် ။ ဒါဟာရဲဘော်တို့ ၊ ရဲမေတို့ရဲ့ ပေးဆပ်မှု ၊ အနစ်နာခံရပ်တည်လှုပ်ရှားမှုတွေရဲ့ ရလဒ်တွေပဲ ဖြစ်ပါတယ် ။ ကျွန်တော်တို့ရဲ့ လက်နက်ကိုင်တော်လှန်ရေးတက်ဦး CNF/CNA မရှိခဲ့ဘူးဆိုရင် ဒီလိုကမ္ဘာက အသိအမှတ်ပြုတဲ့ ဆွေးနွေးပွဲမျိုး ပေါ်ပေါက်လာမှာမဟုတ်ပါဘူး ။

ကျွန်တော်တို့ CNF/CNA (၂၇) နှစ်တာကာလကို ဖြတ်သန်းနိုင်ခြင်းရဲ့ အောင်မြင်မှုအဆင့်တစ်ခုပဲရှိပါသေးတယ် ။ ဆက်လက်ပြီး ပေးဆပ်လုပ်ဆောင်ရမယ့်ကိစ္စတွေ အများကြီးရှိနေပါသေးတယ် ။ ဆက်လက်ပြီးပေးဆပ်လုပ်ဆောင်ရမယ့်ကိစ္စတွေ အများကြီးရှိနေပါသေးတယ် ။

ရဲဘော်တို့ ၊ ရဲမေတို့ ၊ လုပ်ဖော်ကိုင်ဘက် အပေါင်းတို့ ချင်းလူမျိုးနှင့်ချင်းပြည်အတွက် ၊ ပြည်ထောင်စုကြီးအတွက် ဆက်လက် လက်တွဲလှုပ်ရှားပါဝင်ကြပါစို့လို့ တိုက်တွန်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ် ။

တန်နန်လျန်ထန်
ဥက္ကဌ ချင်းအမျိုးသားတက်ဦး
၂၀၁၅ ခုနှစ် မတ်လ (၂၀) ရက်
Phone : 1(503)351-9684

Chin National Front – General Headquarters, Chinland